**စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်း၊ နှစ်ပတ်လည်အစီရင်ခံစာ၊ စီမံခန့်ခွဲရေးအဖွဲ့ ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်အား ထုတ်ပြန်ကြေညာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ"နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာအား ထုတ်ပြန်ကြေညာအပ်ပါသည်။

ကုမ္ပဏီစီမံခန့်ခွဲရေးအဖွဲ့သည် အဆိုပါနှစ်ချုပ်ကာလ ဘဏ္ဍာရေးရှင်းတမ်းနှင့်ပတ်သက်၍ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်တို့အား အောက်ပါအတိုင်း အသိပေးတင်ပြအပ်ပါသည်။

**အရေးပါသောတင်ပြချက်များ**

**ကုမ္ပဏီအုပ်စုဝင်ငွေရှင်းတမ်းအကျဉ်းချုပ်**

| | **FY 2018** | FY 2017 | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Restated)** | |
| Revenue | **205,619,926** | 161,349,879 | 27.4% |
| Cost of Sales | **(132,854,017)** | (108,846,220) | 22.1% |
| Gross Profit | **72,765,909** | 52,503,659 | 38.6% |
| Gross Margin | **35.4%** | 32.5% | 2.9% |
| Expenses | **(69,949,015)** | (47,780,665) | 46.4% |
| Other gains or losses | **13,340,197** | 5,479,557 | 143.5% |
| Profit from associates and joint venture | **11,765,504** | 7,675,647 | 53.3% |
| Total profit before income tax | **27,922,595** | 17,878,198 | 56.2% |
| Income tax expense | **(3,145,142)** | (2,977,672) | 5.6% |
| Net profit for the year | **24,777,453** | 14,900,526 | 66.3% |
| | | | |
| Fair Value adjustment of investments | **2,192,103** | 2,129,142 | 3.0% |
| Total Comprehensive income for the year | **26,969,556** | 17,029,668 | 58.4% |
| | | | |
| Earnings per share | **746** | 518 | 44.0% |

* ယခုဘဏ္ဍာရေးနှစ်၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် ယခင်ဘဏ္ဍာရေးနှစ်၏ အချို့ရလဒ်များကို ဆီလျော်မှုရှိစေရန်ပြင်ဆင်ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။

ယခုဘဏ္ဍာရေးနှစ် ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေ ကျပ်၂၀၅.၆ ဘီလီယံသည် ယခင်ဘဏ္ဍာရေးနှစ် ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ရရှိသော စုစုပေါင်းဝင်ငွေ ကျပ် ၁၆၁.၃ဘီလီယံထက် ၂၇.၄% တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုအား အဓိကမောင်းနှင်သူဖြစ်သည့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၁၄၆.၄ ဘီလီယံ မှ ကျပ် ၁၈၆.၆ ဘီလီယံသို့ ၂၇.၅% တိုးတက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကျပ် ၁၄.၇ ဘီလီယံ မှ ကျပ် ၁၈.၈ ဘီလီယံသို့ ၂၈.၂% တိုးတက်လာခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ဝင်ငွေတိုးမြှင့်လာခြင်းမှာ ချေးငွေစာရင်းတိုးတက်လာမှုနှင့် စိုက်ပျိုးရေးချေးငွေ အစီအစဉ်တို့ကြောင့် ချေးငွေများ၊ ငွေပိုထုတ်ယူခြင်းနှင့် အငှားဝယ်စနစ်ဖြင့် ဝယ်ယူခြင်းမှ အတိုးဝင်ငွေတိုးလာပြီး ဝန်ဆောင်မှုလုပ်ငန်းများမှရရှိသော ဝင်ငွေသည်လည်း အတန်အသင့်တိုးတက်လာခဲ့သည်။ အလားတူပင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ဝင်ငွေတိုးတက်လာသော အဓိကအကြောင်းအရင်းမှာ ဆေးရုံ၏တိုးတက်လာသော ဝန်ဆောင်မှုနှင့်အတူ ပြည်တွင်းလူနာများကို ဆွဲဆောင်နိုင်ခြင်းတို့ကြောင့် ဆေးရုံသို့လာရောက်ကုသမှုခံယူသည့် လူနာဦးရေတိုးလာခြင်းကြောင့်ဖြစ်သည်။

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ချုပ်ကာလ ကုမ္ပဏီအုပ်စုဝင်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | FY 2018 | FY 2017 | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* | |
| Financial Services | 186,586,355 | 146,379,770 | 27.5% |
| Healthcare Services | 18,801,784 | 14,670,459 | 28.2% |
| Dividend Income | 174,090 | 245,650 | -29.1% |
| Rental | 57,697 | 54,000 | 6.8% |
| **Total** | **205,619,926** | **161,349,879** | **27.4%** |

ဝင်ငွေအပေါ်အကြမ်းအမြတ်အချိုးမှာ ယခင်ဘဏ္ဍာရေးနှစ်တွင် ၃၂.၅% ရှိရာမှ ယခုနှစ်တွင် ၃၅.၄%သို့ ၂.၉% တိုးတက်လာခဲ့ပါသည်။ ဤသို့တိုးတက်လာခြင်းမှာ ရိုးမဘဏ်သည် ဝင်ငွေတိုးတက်မှုနှင့် နှိုင်းယှဉ်လျှင် ဘဏ်စုဆောင်းငွေအပေါ် အတိုးပေးရငွေသည် အနည်းငယ်လျော့နည်းခြင်းကြောင့် အကြမ်းအမြတ်တိုးတက်လာမှုနှင့် ပန်းလှိုင်စီလုံဆေးရုံသည် ဆက်လက်၍ရှိပြီးသားစံနှုန်းကို ထိန်းသိမ်းထားခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုအသုံးစရိတ်စုစုပေါင်းအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၇.၇ ဘီလီယံ မှ ယခုနှစ်တွင် ကျပ် ၆၉.၉ ဘီလီယံသို့ ၄၆.၄% ပိုမိုများပြားလာခဲ့ပါသည်။ အဓိကအားဖြင့် ပိုမိုများပြားလာသော အသုံးစရိတ်များမှာ ဝန်ထမ်းလစာအသုံးစရိတ်များ၊ ကျွမ်းကျင်ပညာရှင်များစရိတ်၊ ရုံးခန်းငှားရမ်းခများ၊ ဘဏ္ဍာရေးစရိတ်များ၊ အိုင်တီနှင့်ဆက်သွယ်ရေးစရိတ်များ၊ ဘဏ်လုပ်ငန်းမှ ဆုံးရှုံးနိုင်ခြေရှိသော ချေးငွေများအတွက် လျာထားချက်များနှင့် တန်ဖိုးလျော့ကုန်ကျစရိတ်များဖြစ်ပါသည်။ ဝန်ထမ်းလစာအသုံးစရိတ်များ တိုးလာခြင်းသည် ကုမ္ပဏီအုပ်စု၏ ချဲ့ထွင်လာသောလုပ်ငန်းများကို ဦးဆောင်ရန်အတွက် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများခန့်အပ်သည့်မူဝါဒကြောင့် ဖြစ်ပါသည်။ ထို့ပြင် ရိုးမဘဏ်၏ ဘဏ်ခွဲများတိုးချဲ့ခြင်း၊ "SMART" ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် the Fusion Banking Essence System စသည်တို့ကြောင့် ပညာရှင်စရိတ်များ၊ အိုင်တီနှင့်ဆက်သွယ်ရေးကုန်ကျစရိတ်များ ပိုမိုများပြားလာခြင်းဖြစ်သည်။ ဘဏ္ဍာရေးအသုံးစရိတ်သည် ယခင်နှစ်တွင် ကျပ် ၁.၈ဘီလီယံမှ ယခုနှစ်တွင် ကျပ် ၃.၄ ဘီလီယံသို့ မြင့်တက်လာရခြင်းမှာ အဓိကအားဖြင့် ကုမ္ပဏီ၏ ဘန်ကောက်ဘဏ်မှ ချေးယူထားသောချေးငွေအပေါ် ပေးဆောင်ရသည့်အတိုးစရိတ် ပိုမိုလာခြင်းကြောင့်ဖြစ်ပါ

သည်။ လုပ်ငန်းလည်ပတ်မှုမှမဟုတ်သော အခြားဝင်ငွေများသည် ယခင်ဘဏ္ဍာရေးနှစ် ကျပ် ၅.၄ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ကျပ် ၁၃.၃ ဘီလီယံသို့တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၁၄၃.၅%အထိ တိုးတက်လာခဲ့ သည်။

လုပ်ငန်းလည်ပတ်မှုမှမဟုတ်သော အခြားဝင်ငွေများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

| | (Ks. '000s) |
|---|---|
| Gain on disposal of available-for-sale investments | 11,858,921 |
| Gain on disposal of property, plant and equipment | 17,774 |
| Property, plant and equipment written off | (145,668) |
| Gain on foreign currency exchange, net | 1,394,343 |
| Write off unsuccessful business development | (18,659) |
| Write off of investment in subsidiaries | 255 |
| Fair value gain on investment properties | 1,413,004 |
| Capital gains tax | (1,179,773) |
| **Total** | **13,340,197** |

ယခုဘဏ္ဍာရေးနှစ်ကုန်တွင် Available-for-sale ရင်းနှီးမြှုပ်နှံမှုများကို ရောင်းချခြင်းမှရရှိသည့် အမြတ်ငွေမှာ Digital Money Myanmar လီမိတက်၏ ရှယ်ယာများအား ရောင်းချခြင်းမှရရှိသည့်အမြတ်ငွေနှင့် ကျန်ရှိသောရှယ်ယာ ပိုင်ဆိုင်မှုများကို စာရင်းချုပ်ချုပ်ရာတွင် ဈေးကွက်တန်ဖိုးအရ စာရင်းသင့်ရ၍ စာရင်းပေါ်တွင်ဖြစ်ပေါ်သည့် အမြတ်ငွေတို့ကြောင့် ဖြစ်ပါသည်။

ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှအမြတ်ငွေ ကျပ် ၁၇.၈ သန်းမှာ ပန်းလှိုင်စီလုံဆေးရုံမှဖြစ်ပြီး ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်မှု ကျပ် ၁၄၅.၇ သန်းမှာအဓိကအားဖြင့် ရိုးမဘဏ်မှဖြစ်ပါသည်။

နိုင်ငံခြားငွေဖလှယ်ခြင်းစာရင်းတွင် ယခင်နှစ်၌ ကျပ် ၀.၉ ဘီလီယံ ဆုံးရှုံးမှုအဖြစ်စာရင်းသွင်းခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁.၄ ဘီလီယံ မြတ်စွန်းမှုအဖြစ် စာရင်းသွင်းနိုင်ခဲ့ပါသည်။ ဤတိုးတက်မှုသည် FMI ကုမ္ပဏီ လီမိတက်နှင့် ကုမ္ပဏီအုပ်စု၏ လက်အောက်ခံကုမ္ပဏီများ(အဓိကအားဖြင့်ရိုးမဘဏ်)တို့၏ နိုင်ငံခြားငွေကြေးစီမံခန့်ခွဲမှု ပိုမိုတိုးတက်လာခြင်းနှင့် အမေရိကန်ဒေါ်လာ-မြန်မာကျပ်ငွေလဲလှယ်မှုနှုန်း တည်ငြိမ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

Phima စီမံကိန်း နှင့် Yoma Thitsar Commercial ကုမ္ပဏီလီမိတက်တို့အား ဖျက်သိမ်းလိုက်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုမှ ပယ်ဖျက်မှုစာရင်းတွင် ကျပ် ၁၈.၆သန်းကို စရိတ်အဖြစ်ကျခံခဲ့ပါသည်။

ယခုဘဏ္ဍာရေးနှစ်မှစတင်၍ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်မှုများ၏တန်ဖိုးကို နှစ်စဉ် ဈေးကွက်တန်ဖိုးနှင့်အညီ တန်ဖိုးပြန်လည်သတ်မှတ်မည်ဟု ကုမ္ပဏီအုပ်စု၏ပေါ်လစီအသစ်ပြောင်းလဲမှုအရ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများအား စာရင်းကိုင်စံနှုန်းများနှင့်အညီ ပြန်လည်သတ်မှတ်ခဲ့ရာ ယင်းမှအမြတ်ငွေ ကျပ် ၁.၄ ဘီလီယံ ရရှိခဲ့ပါသည်။

ယခုနှစ်အတွင်း Available-for-sale ရင်းနှီးမြှုပ်နှံမှု Digital Money Myanmar လီမိတက်၏ ရှယ်ယာရောင်းချမှုနှင့် အခြားပုံသေပိုင်ပစ္စည်းများရောင်းချမှုမှရရှိသော အကျိုးအမြတ်အပေါ် အခြေပစ္စည်းမှမြတ်စွန်းငွေအနေဖြင့် အခွန် ၁၀% ပေးဆောင်ခြင်းဖြစ်ပါသည်။

ဖက်စပ်ကုမ္ပဏီများနှင့်တွဲဖက်ကုမ္ပဏီများမှ ခွဲဝေရရှိသောအမြတ်ငွေသည် တစ်နှစ်အတွင်း ကျပ် ၇.၆ ဘီလီယံမှ ကျပ် ၁၁.၇ဘီလီယံအထိ ၅၃.၃% တိုးတက်လာခဲ့ပါသည်။ ဤသို့တိုးတက်လာခြင်းမှာ Thanlyin Estate Development မှ အမြတ်ငွေတိုးတက်လာခြင်းနှင့် Chindwin Investment Limited နှင့် Shwe Lay Ta Gun Travels & Tours Co. Ltd

လုပ်ငန်းများအား ရောင်းချခြင်းကြောင့် Chindwin Holding တွင် တစ်ပွဲတိုးအမြတ်ငွေ ရရှိခဲ့ခြင်းတို့မှ ဘဏ္ဍာရေးရလဒ်ကို အဓိကပံ့ပိုးခဲ့ပါသည်။ ရန်ကုန်မြို့လယ်ရှိ Yoma Central စီမံကိန်းအတွက် FMI Centre ကို ဖြိုဖျက်ခဲ့သောကြောင့် FMI Centre ၏ ရုံးခန်းငှားရမ်းခြင်းလုပ်ငန်းများ ရပ်နားလိုက်သည့်အတွက် Meeyahta International Hotel ၏ အဓိကအမြတ်ငွေမှာ လျော့နည်းသွားခဲ့ပြီး လက်ရှိအမြတ်ငွေ၏ တစ်စိတ်တစ်ပိုင်းမှာ Meeyahta Development Ltd နှင့် Peninsula Yangon Holdings Pte Ltd တို့အား ၎င်းတို့၏စီမံကိန်း ကုန်ကျစရိတ်များအတွက် တစ်ကြိမ်တစ်ခါပြန်လည် ကောက်ခံခဲ့ခြင်းကြောင့်ဖြစ်သည်။

တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများမှ ခွဲဝေရရှိသည့်အမြတ်ငွေများကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ ဖေါ်ပြထားပါသည်။

| Associate & Joint Venture | Stake | Group Share of profit/(loss) *(Ks. '000s)* |
|---|---|---|
| Chindwin Holdings Pte Ltd | 30.0% | 3,475,257 |
| Thanlyin Estate Development Co., Ltd. | 30.0% | 7,900,909 |
| Meeyahta International Hotel Ltd. | 20.0% | 637,638 |
| LSC-FMI Co., Ltd. | 50.0% | (6,973) |
| Pun Hlaing Link Services Co., Ltd | 30.0% | (89,663) |
| FMI Garden Development Co., Ltd. | 47.5% | (133,062) |
| FMIDecaux Co.,Ltd | 40.0% | (18,602) |
| **Total** | | **11,765,504** |

ဝင်ငွေအခွန်မဆောင်မီ အသားတင်အမြတ်သည် ၅၆.၂% တိုးတက်ခဲ့ပြီး ကုမ္ပဏီအုပ်စု၏ စုစုပေါင်း အသားတင်အမြတ်ငွေမှာ ယခင်နှစ် တွင် ကျပ် ၁၄.၉ ဘီလီယံရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ်၂၄.၇ ဘီလီယံသို့ ၆၆.၃% တိုးတက်လာခဲ့ ပါသည်။

Available-for-sale ရင်းနှီးမြှုပ်နှံမှုများကို နှစ်စဉ် ဈေးကွက်ပေါက်ဈေးနှင့်အညီ တန်ဖိုးပြန်လည်သတ်မှတ်မည်ဟု ကုမ္ပဏီအုပ်စု၏ မူဝါဒအရ Available-for-sale ရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးများကို ပြန်လည်သတ်မှတ်ရာတွင် Myanmar Thilawa SEZ Holdings Public Ltd ("MTSH") ကုမ္ပဏီတွင် ပိုင်ဆိုင်ထားသော ရှယ်ယာများနှင့် Memories Group ၏ ရှယ်ယာများကို ပြန်လည်တန်ဖိုးသင့်ငွေနှင့် မကြာသေးမီမှ ရောင်းချခဲ့သော Digital Money Myanmar Co.,Ltd ၏ ရှယ်ယာများမှ ဆက်လက်ကျန်ရှိသော ရှယ်ယာအပေါ် ပြန်လည်တန်ဖိုးသင့်ရာတွင် လက်တွေ့မရသေးသောအမြတ်ငွေများ နှင့်ခုနှိမ်ပြီးနောက် ကျန်ရှိသောအမြတ်ငွေသည် ယခင်နှစ်ထက် ၃%ခန့် တိုးတက်လာပါသည်။ အဆိုပါတန်ဖိုးပြင်ဆင် သတ်မှတ်ခြင်းကြောင့် စုစုပေါင်းအမြတ်ငွေပမာဏမှာ ယခင်နှစ်တွင် ကျပ် ၁၇ ဘီလီယံရှိခဲ့ရာမှ ယခုနှစ် တွင် ကျပ်၂၆.၉ ဘီလီယံ သို့ ၅၈.၄% တိုးတက်ခဲ့ပါသည်။

အသားတင်အမြတ်ငွေတိုးတက်မှုကြောင့် ရှယ်ယာတစ်စုဝင်ငွေမှာ တိုးတက်ခဲ့ရာ ယခင်နှစ်တွင် ကျပ် ၅၁၈ ရှိရာမှ ယခုနှစ်တွင် ကျပ် ၇၄၆ သို့ ၄၄% တိုးတက်ခဲ့ပါသည်။ ရှယ်ယာတစ်စုဝင်ငွေတိုးတက်မှုနှုန်းမှာ စုစုပေါင်းအမြတ် တိုးတက်မှုနှုန်းထက် နည်းပါးခဲ့ပြီး အကြောင်းရင်းမှာ အပိုဆုရှယ်ယာ ၂.၃ သန်းကို ယခုနှစ်အတွင်း ထုတ်ဝေခဲ့ပြီး ပျမ်းမျှရှယ်ယာအရေအတွက် ပိုမိုများပြားလာခြင်းနှင့် အခြားအစုရှယ်ယာရှင်များဝေစု တိုးတက်များပြားလာခြင်းကြောင့် ဖြစ်ပါသည်။

### ကုမ္ပဏီအုပ်စုလက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| | FY 2018 | FY 2017 | % Change |
|---|---|---|---|
| **ASSETS** | *(Ks. '000s)* | *(Ks. '000s)* | |
| Total current assets | **1,734,498,732** | 1,366,856,616 | 26.9% |
| Total non-current assets | **558,315,502** | 470,122,255 | 18.8% |
| Total assets | **2,292,814,234** | 1,836,978,871 | 24.8% |
| **Liabilities** | | | |
| Total current liabilities | **1,952,768,391** | 1,517,093,870 | 28.7% |
| Total non-current liabilities | **32,321,163** | 36,626,481 | -11.8% |
| Total liabilities | **1,985,089,554** | 1,553,720,351 | 27.8% |
| **Equity** | | | |
| Total equity | **307,724,680** | 283,258,520 | 8.6% |
| Total equity and liabilities | **2,292,814,234** | 1,836,978,871 | 24.8% |

လက်ငင်းရပိုင်ခွင့်များအနေဖြင့် အဓိကအားဖြင့် ရိုးမဘဏ်မှ ထုတ်ချေးငွေတိုးတက်မှုကြောင့် ယခုနှစ်တွင် ၂၆.၉% တိုးမြင့်လာခဲ့ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့်များသည်လည်း ၁၈.၈% တိုးမြင့်လာခဲ့ရာ အဓိကအားဖြင့် ရိုးမဘဏ်မှ အစိုးရငွေတိုက်စာချုပ် များထပ်မံဝယ်ယူခြင်းနှင့် FMI မှ ထပ်တိုးရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းတို့ကြောင့်ဖြစ်သည်။

ရိုးမဘဏ်တွင် အပ်ငွေတိုးတက်မှုကြောင့် လက်ငင်းပေးရန်တာဝန်များသည် ၂၈.၇% သို့ တိုးတက်ခဲ့ပါသည်။ လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ကျပ် ၃၆.၆ဘီလီယံ မှ ကျပ် ၃၂.၃ဘီလီယံ သို့ ၁၁.၈% လျော့နည်းရခြင်းမှာ ယခုနှစ်တွင် ဘန်ကောက်ဘဏ်၏ ချေးငွေများအား လက်ငင်းပေးရန်တာဝန်သို့ ပြန်လည်အမျိုးအစားခွဲခြား၍ သတ်မှတ်ခြင်းကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု ရှယ်ယာရှင်များ ပိုင်ဆိုင်မှုသည် ရိုးမဘဏ်နှင့် FMI ကုမ္ပဏီ၏ လက်ကျန်အမြတ်ငွေတိုးတက်မှုနှင့် ရိုးမဘဏ်၌ ဗဟိုဘဏ်စည်းမျဉ်းအရထားရှိသော အရန်ငွေကြေးပမာဏတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် ၈.၆% တိုးတက်ခဲ့ပါသည်။

**ကုမ္ပဏီအုပ်စုငွေသားစီးဆင်းမှုရှင်းတမ်းအကျဉ်းချုပ်**

| | FY 2018 | FY 2017 |
|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* |
| Cash provided by (used in) operating activities | **159,811,380** | (18,330,215) |
| Cash provided by (used in) investing activities | **(69,513,661)** | (2,497,871) |
| Cash provided by (used in) financing activities | **(6,585,997)** | 36,430,127 |
| Net increase in cash and cash equivalents | **83,711,722** | 15,602,041 |
| Cash and cash equivalents at beginning of financial year | **203,244,224** | 187,642,183 |
| Cash and cash equivalents at end of financial year | **286,955,946** | 203,244,224 |

ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ယခင်နှစ်တွင် ကျပ်၂၀၃.၂ ဘီလီယံ ရှိခဲ့ပြီး ယခုနှစ်တွင် ကျပ်၂၈၆.၉ဘီလီယံ ရှိပါသည်။ ယခုနှစ်တွင် လုပ်ငန်းမှငွေသားစီးဝင်မှုအကြောင်းရင်းမှာ ရှီးမဘဏ်မှ အပ်ငွေတိုးတက်မှုနှင့် ရရန်ရှိသောတာဝန်များ လျော့နည်းသွားခြင်းကြောင့်ဖြစ်သည်။ ယခုနှစ်ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကျပ် ၆၉.၅ဘီလီယံ အသုံးပြုခဲ့ပြီး အဓိကအားဖြင့် FMI မှ ထပ်တိုးရင်းနှီးမြှုပ်နှံမှုများနှင့် ရှီးမဘဏ်မှ အစိုးရငွေတိုက်စာချုပ်များ ထပ်မံဝယ်ယူခြင်းများကို Digital Money Myanmar ရှယ်ယာနှင့် Myanmar Thilawa SEZ Holdings Public Ltd ("MTSH") ရှယ်ယာရောင်းချခြင်းမှ ရရှိငွေများခုနှိမ်ထား ခြင်းကြောင့်ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာမှ ငွေသားစီးထွက်မှုမှာ ကျပ် ၆.၅ ဘီလီယံရှိခဲ့ပြီး အကြောင်းမှာ ကုမ္ပဏီ၏အမြတ်ဝေစုခွဲဝေပေးခြင်းနှင့် ပန်းလိုင်စီလုံဆေးရုံနှင့် ကုမ္ပဏီ၏ ချေးငွေများပေါ်တွင် အတိုးပေးရခြင်းတို့ကြောင့် ဖြစ်သည်။

**အနာဂတ်မျှော်မှန်းချက်**

ကုမ္ပဏီအနေဖြင့် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုဖြစ်သော ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်မှုကဏ္ဍနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် ဆက်လက်အာရုံစိုက်၍ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ဘဏ္ဍာရေးကဏ္ဍမှ ရလဒ်ကောင်းများ ဆက်လက်ပေးစွမ်းနိုင်မည်ဟု မျှော်မှန်းထားပြီး ရေရှည်တွင်ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိမ်ရာဖော်ထုတ်တည်ဆောက်မှုလုပ်ငန်းများမှ ဝင်ငွေပံ့ပိုးပေးမည်ဟု မျှော်မှန်းထားပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရှီးမဘဏ်အနေဖြင့် ပြည်တွင်းပြည်ပဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်အတူ ရန်ပုံငွေသဘောတူညီချက်များရယူပြီး အသေးစားနှင့်အလတ်စား လုပ်ငန်းများမှ ချေးငွေများ ပိုမိုတိုးတက်လာရန်နှင့် ရေရှည်တွင် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုသုံးစွဲသူများ များပြားလာစေရန်တို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးကဏ္ဍတိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်မည်ဟု မျှော်လင့်ထားပါသည်။

အိမ်ရာတည်ဆောက်မှုလုပ်ငန်းတွင်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ **ဝယ်လိုအား**လည်းလိုက်ပါတိုးမြင့်လိမ့်မည်ဟု ယုံကြည်ပါသည်။ တွဲဖက်**ကုမ္ပဏီတစ်ခု**ဖြစ်သည့် **Thanlyin Estate Development** ကုမ္ပဏီမှာလည်း ယခုနှစ်တွင် ရောင်းအားများတိုးလာခဲ့သည်။ ၂၀၁၈ခုနှစ် မတ်လတွင် **ကုမ္ပဏီ**မှ အစု**ရှယ်ယာ**ပါဝင်သော Yoma Central Development ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Peninsula Residence Yangon **အိမ်ရာများစတင်ရောင်းချခဲ့ရာ**

**စိတ်ဝင်စားမှုအများအပြား ရရှိခဲ့ခြင်းကြောင့် ရှယ်ယာရှင်များသို့ ရေရှည်အမြတ်ငွေများ ပြန်လည်ပေးအပ်နိုင်မည်ဟု ယုံကြည်ထားပါသည်။**

ပန်းလှိုင်စီလုံဆေးရုံသည် အထူးကုစင်တာများကို ဆက်လက်တိုးချဲ့ဖွင့်လှစ်လျက်ရှိပြီး "Hub & Spoke" ဝန်ဆောင်မှုပုံစံကို အကောင်အထည်ဖော်လျက်ရှိသည်။ လာမည့်၃နှစ်အတွင်း HIMSS (USA) အဆင့် ၆ အသိအမှတ်ပြု (ကျန်းမာရေးစောင့်ရှောက်မှုကမ္ဘာ့ရွှေအဆင့်သတ်မှတ်ချက်) ရရှိနိုင်ရန် အလိုအလျောက်စက္ကူလွတ်ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးနည်းပညာပလက်ဖောင်းကို အသုံးပြုသော မြန်မာနိုင်ငံ၏ပထမဦးဆုံး EMR-ERP system ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဤခြေလှမ်းသည် လူနာများအတွက် အလွန်ကောင်းမွန်သော အတွေ့အကြုံ ဝန်ဆောင်မှုနှင့်အတူ ဆေးဘက်ဆိုင်ရာရလဒ်ကောင်းများ ပေးစွမ်းနိုင်ရုံသာမက ရှယ်ယာရှင်များအတွက်လည်း ကုန်ကျစရိတ်များသက်သာစေပြီး အကျိုးအမြတ်ပိုမိုဖြစ်ထွန်းနိုင်မည်ဟု မျှော်လင့်ထားပါသည်။

ရန်ကုန်မြို့တွင် ဘတ်စ်ကားမှတ်တိုင်များအတွက် စံချိန်သစ်တစ်ခုစတင်နိုင်ရန် ရည်ရွယ်၍ ကုမ္ပဏီသည် ကမ္ဘာကျော် Outdoors Advertising ကုမ္ပဏီ တစ်ခုဖြစ်သည့် JCDecaux Asia (S) Pte Ltd ကုမ္ပဏီနှင့် ပူးပေါင်း၍ ကုမ္ပဏီမှ ၄၀% အစုရှယ်ယာပါဝင်သော တွဲဖက်ကုမ္ပဏီဖြစ်သည့် FMIDecaux ကိုထူထောင်ခဲ့ပါသည်။ FMIDecaux ကုမ္ပဏီသည် ခရီးသွားပြည်သူများအတွက် လမ်းအသုံးအဆောင် ပရိဘောဂပစ္စည်းများ (Street Furniture ) ဒီဇိုင်းရေးဆွဲခြင်း၊ ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းတို့နှင့် ကြော်ငြာလုပ်ငန်းများအတွက် နှစ်(၂၀)ကြာ တစ်ဦးတည်းသီးသန့်လုပ်ကိုင်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ထံမှ ရရှိခဲ့ပါသည်။ ဤတွဲဖက်ကုမ္ပဏီသည် ရေရှည်တွင် ကုမ္ပဏီအုပ်စု၏ ဝင်ငွေအပေါ်သက်ရောက်မှုများ ရှိလာလိမ့်မည်ဟု ယုံကြည်ပါသည်။

စတုတ္ထမဏ္ဍိုင်ဖြစ်လာနိုင်သော ခရီးသွားလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုသည်လည်း အလားလာကောင်းမွန်လျက်ရှိသည်။ Memories Group သည် စင်္ကာပူစတော့အိတ်ချိန်း၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့တွင် စာရင်းဝင်ခဲ့သည့် ပထမဦးဆုံး ခရီးသွားလုပ်ငန်းဗဟိုပြု မြန်မာကုမ္ပဏီအဖြစ် စာရင်းသွင်းခဲ့ပြီး ကုမ္ပဏီအုပ်စု၏ ခရီးသွားလာရေး လုပ်ငန်းတစ်ခုအနေဖြင့် အစုရှယ်ယာ ၁၁.၉%ကို ပိုင်ဆိုင်ထားပါသည်။ လက်ရှိအောင်မြင်ပြီး စီးပွားရေးလုပ်ငန်းနှစ်ခုဖြစ်သော Balloon Over Bagan နှင့် Balloons over Inle အပြင် ဆက်လက်တိုးချဲ့နိုင်ရန်အတွက် Burma Boating လုပ်ငန်းနှင့် Kayar Resort တို့ကိုဝယ်ယူခဲ့ပါသည်။ ထို့ပြင် ရန်ကုန်တွင် Awei Metta ဟိုတယ်၊ မြိတ်ကျွန်းစု တွင် Awei Pila ဟိုတယ်၊ ကရင်ပြည်နယ်တွင် Keinnara Hpa-an ဟိုတယ်နှင့် မွန်ပြည်နယ်တွင် Suggati Mawlamyaing ဟိုတယ်စသည့် စိတ်ဝင်စားစရာကောင်းသော ဟိုတယ် နှင့် အပန်းဖြေစခန်းအသစ်များ ဆောက်လုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေနှင့်လည်း အဆင့်မြင့်ခရီးသွားရပ်ဝန်းအဆင့်သို့ အလျင်အမြန်တိုးတက်လာနေသည့်အတွက် ကုမ္ပဏီအုပ်စု အနေနှင့်မှန်ကန်သည့်အနေအထားတွင် အသင့်ရှိနေကြောင်းကို တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုနှင့်အတူ အခွင့်အရေးကောင်းများ ပေါ်ပေါက်လာပါက အရည်အချင်းပြည့်ဝသော ပြည်တွင်းပြည်ပမှ Partner များနှင့်တွဲဖက်၍ ဖက်စပ်လုပ်ငန်းများထူထောင်ခြင်းကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park
Rain Tree Drive, Hlaing Tharyar Ts.
Yangon, Myanmar
Tel: (01) 3687766
www.fmi.com.mm

## AUDITED FINANCIAL STATEMENTS, ANNUAL REPORT AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Co., Ltd. (the "Company", and with its subsidiaries, the "Group") wishes to announce the release of the Company's audited financial statements and annual report for the financial year ended 31 March 2018.

The Company's management is pleased to provide a discussion and analysis of the year-end results below:

### KEY HIGHLIGHTS

**Summary Group Statement of Comprehensive Income**

| | **FY 2018** | FY 2017 *(Restated)** | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* | |
| Revenue | **205,619,926** | 161,349,879 | 27.4% |
| Cost of Sales | **(132,854,017)** | (108,846,220) | 22.1% |
| Gross Profit | **72,765,909** | 52,503,659 | 38.6% |
| Gross Margin | **35.4%** | 32.5% | 2.9% |
| Expenses | **(69,949,015)** | (47,780,665) | 46.4% |
| Other gains or losses | **13,340,197** | 5,479,557 | 143.5% |
| Profit from associates and joint venture | **11,765,504** | 7,675,647 | 53.3% |
| Total profit before income tax | **27,922,595** | 17,878,198 | 56.2% |
| Income tax expense | **(3,145,142)** | (2,977,672) | 5.6% |
| Net profit for the year | **24,777,453** | 14,900,526 | 66.3% |
| Fair value adjustment of investments | **2,192,103** | 2,129,142 | 3.0% |
| Total comprehensive income for the year | **26,969,556** | 17,029,668 | 58.4% |
| Earnings per share | **746** | 518 | 44.0% |

Group revenue of Ks. 205.6 billion for the financial year ended 31 March 2018 ("FY2018"), was 27.4% higher than the Ks. 161.3 billion recorded in the previous financial year ended 31 March 2017 ("FY2017").

***** *Certain restatements have been made to prior year's financials to enhance comparability with the current year's financial statements.*

The main driver of the Group's revenue increase was a 27.5% increase in financial services from Ks. 146.4 billion to Ks. 186.6 billion as well as a 28.2% increase in healthcare services from Ks. 14.7 billion to Ks. 18.8 billion in FY2017 and FY2018 respectively.

The increased revenue in financial services was due to an increase in interest income from loans, overdrafts and hire-purchase products, which were mainly driven by its growing loan book, and a gradual improvement in fee income from its agriculture financing program and hire-purchase products. Similarly, healthcare sector's revenue growth was mainly due to an increase in patient volumes which demonstrated that the hospital's services are well in-demand and its ability to attract local patients.

A breakdown of FY 2018 Group revenues is set forth below.

| | FY 2018 | FY 2017 | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* | |
| Financial Services | 186,586,355 | 146,379,770 | 27.5% |
| Healthcare Services | 18,801,784 | 14,670,459 | 28.2% |
| Dividend Income | 174,090 | 245,650 | -29.1% |
| Rental | 57,697 | 54,000 | 6.8% |
| **Total** | **205,619,926** | **161,349,879** | **27.4%** |

Gross profit margin raised slightly by 2.9% to 35.4% in FY2018, compared to 32.5% in FY2017. This was mainly due to Yoma Bank having an improvement in gross margin contributed by relatively lesser interest expenses compared to revenue growth, while Pun Hlaing Siloam Hospitals ("PHSH") maintained its margin constant.

Total Group expenses increased by 46.4% from Ks. 47.7 billion in FY2017 to Ks. 69.9 billion in FY2018. This was mainly due to higher costs incurred for employee compensation, professional fees, rental charges, finance expenses, IT and communication cost, specific provision on non-performing loans from bank subsidiary and depreciation expenses. Higher employee compensation is due to the Group's continuous strategy to hire qualified professionals to accommodate its expanding businesses. Yoma Bank's expansion and its launch of 'SMART' banking services and the Fusion Banking Essence were the main contributors in increasing professional fees and IT and communication costs. The increase in finance expenses from Ks. 1.8 billion in FY2017 to Ks. 3.4 billion in FY2018 was mainly due to FMI's loan facility from Bangkok Bank, which mainly attributed to the increase. Compared to Ks. 5.4 billion recorded in FY2017, other gains or losses during the year increased by 143.5% to 13.3 billion.

A full breakdown of other gains or losses during the financial year can be seen below:

| | (Ks. '000s) |
|---|---|
| Gain on disposal of available-for-sale investments | 11,858,921 |
| Gain on disposal of property, plant and equipment | 17,774 |
| Property, plant and equipment written off | (145,668) |
| Gain on foreign currency exchange, net | 1,394,343 |
| Write off unsuccessful business development | (18,659) |
| Write off of investment in subsidiaries | 255 |
| Fair value gain on investment properties | 1,413,004 |
| Capital gains tax | (1,179,773) |
| **Total** | **13,340,197** |

The gain on disposal of available-for-sale investment relates to the sale of Digital Money Myanmar ("DMM") shares and the market value adjustment on the remaining equity stake.

The Ks. 17.8 million profit from disposal of property, plant and equipment mainly gained from PHSH and Ks. 145.7 million losses from writing off tangible assets mainly came from Yoma Bank.

The Group gained Ks. 1.4 billion in profit from foreign currency translation during FY 2018, as compared to Ks. 0.9 billion loss in FY 2017. This reflected an improvement in overall management of foreign currency by the Group's entities, mainly by Yoma Bank and FMI, as well as a relatively stable USD/MMK exchange rate.

The written off unsuccessful business development relates to the Company's Phima project cost which was not viable to pursue further business development and Yoma Thitsar Commercial Co.,Ltd's write-off cost due to liquidation.

The Ks. 1.4 billion of fair value gain relates to the Group's investment properties revaluation due to the change in Group accounting policy which will require a mark-to-market annually starting from FY2018, in accordance with accounting standards.

Capital gain tax (10%) on sale of available-for-sale investments relates to sale of Digital Money Myanmar shares and other assets during the year.

Our share of profit of associates and joint ventures increased by 53.3% from Ks. 7.6 billion to 11.7 billion during the year. This increase was primarily driven by profit increase from Thanlyin Estate Development and one-time profit gained from Chindwin Holdings from the sale of Chindwin Investment Limited and Shwe Lay Ta Gun Travels & Tours Co. Ltd to Memories Group. Meeyahta International Hotel's profits diminished during the year due to discontinued rental operations at FMI Centre, which was demolished for Yoma Central Project in downtown Yangon and its current profit was partly contributed by one-time recharge of its project costs to Meeyahta Development Ltd and Peninsula Yangon Holdings Pte Ltd.

A breakdown of our share of profit of associates & joint venture in FY 2018 is set forth below:

| Associates & Joint Venture | Stake | Group Share of profit/(loss) *(Ks. '000s)* |
|---|---|---|
| Chindwin Holdings Pte Ltd | 30.0% | 3,475,257 |
| Thanlyin Estate Development Co., Ltd. | 30.0% | 7,900,909 |
| Meeyahta International Hotel Ltd. | 20.0% | 637,638 |
| LSC-FMI Co., Ltd. | 50.0% | (6,973) |
| Pun Hlaing Link Services Co., Ltd | 30.0% | (89,663) |
| FMI Garden Development Co., Ltd. | 47.5% | (133,062) |
| FMIDecaux Co.,Ltd | 40.0% | (18,602) |
| **Total** | | **11,765,504** |

On account of relatively strong profit before income tax higher by 56.2%, total Group net profit increased by 66.3% to Ks. 24.7 billion in FY 2018 in comparison to Ks. 14.9 billion in FY 2017.

Fair value adjustment of available-for-sale investments is due to retrospective application of Group accounting policy to available-for-sale investments which requires mark-to-market assessment annually starting from FY2018. It is slightly increased by 3% due to the unrealized gain of the recent sale transaction of DMM shares which is partially offset by the fair value adjustment of the Company's share investments in Myanmar Thilawa SEZ Holdings Public Ltd ("MTSH") and Memories Group. Due to the fair value adjustment, total comprehensive income for the year increased by 58.4% to Ks.26.9 billion in FY2018, up from Ks.17 billion in FY2017.

Earnings per share increased by 44% from Ks. 518 in FY 2017 to Ks. 746 in FY 2018. The increase in earnings per share was lower than the increase in net profit due to higher average number of shares outstanding in FY2018 which was caused by the issue of bonus shares 2.3 million during the year, as well as higher non-controlling interest.

**Summary Group Balance Sheet**

| | **FY 2018** | FY 2017 | % Change |
|---|---|---|---|
| **ASSETS** | *(Ks. '000s)* | *(Ks. '000s)* | |
| Total current assets | **1,734,498,732** | 1,366,856,616 | 26.9% |
| Total non-current assets | **558,315,502** | 470,122,255 | 18.8% |
| Total assets | **2,292,814,234** | 1,836,978,871 | 24.8% |
| **Liabilities** | | | |
| Total current liabilities | **1,952,768,391** | 1,517,093,870 | 28.7% |
| Total non-current liabilities | **32,321,163** | 36,626,481 | -11.8% |
| Total liabilities | **1,985,089,554** | 1,553,720,351 | 27.8% |
| **Equity** | | | |
| Total equity | **307,724,680** | 283,258,520 | 8.6% |
| Total equity and liabilities | **2,292,814,234** | 1,836,978,871 | 24.8% |

Total current assets have risen by 26.9% in FY 2018, driven primarily by increase in loans at Yoma Bank.

The increase of 18.8% in non-current assets was primarily due to the purchase of additional Myanmar treasury bonds by Yoma Bank and additional investment in available-for-sales by FMI.

The 28.7% rise in the Group's current liabilities was due to moderate growth in deposits at Yoma Bank.

The decrease of 11.8% in non-current liabilities from 36.6 billion in FY2017 to 32.3 billion in FY2018 was mainly due to the reclassification of the Company's loan from Bangkok bank to current liabilities in FY2018 whereas there is none in FY2017.

Group equity grew at a modest rate of 8.6%, which is attributable to increased retained earnings from Yoma Bank and the Company, as well as the increase in Yoma Bank's reserve which are mandated by the Central Bank during the year.

**Summary Group Cash Flow Statement**

| | **FY 2018** | FY 2017 |
|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* |
| Cash provided by (used in) operating activities | **159,811,380** | (18,330,215) |
| Cash provided by (used in) investing activities | **(69,513,661)** | (2,497,871) |
| Cash provided by (used in) financing activities | **(6,585,997)** | 36,430,127 |
| Net increase in cash and cash equivalents | **83,711,722** | 15,602,041 |
| Cash and cash equivalents at beginning of financial year | **203,244,224** | 187,642,183 |
| Cash and cash equivalents at end of financial year | **286,955,946** | 203,244,224 |

Group cash and cash equivalents totaled to Ks. 286.9 billion as at 31 March 2018, as compared to Ks. 203.2 billion as at 31 March 2017. Yoma Bank represents the majority of cash reported on the Group cashflow statement and its deposits from customers increased faster than its loans and the decrease in receivables, resulting in majority of positive cash flow from operations. The Ks. 69.5 billion of cash used in investing activities in FY2018 was primarily due to investment made in available-for-sales financial assets by the Company and purchase of government securities by Yoma Bank, partially offset by sales proceeds of the Company's DMM shares and MTSH shares. The cash used in financing activities of Ks. 6.5 billion mainly relates to the Company's FY2017 dividend paid and interest paid for the Company's loan and PHSH's loan.

**Forward Outlook**

We continue to focus on our strategy of investing in core businesses namely the financial services, real estate and healthcare sectors. We expect financial services sector will continue to deliver a remarkable performance while healthcare and real estate will make contributions to the Group in the long term.

In financial services, we expect to see sustained growth from Yoma Bank as it continues to focus on the growth of small loans lending to SME by having funding agreements with local or oversea finance institutions to provide funding to small-scale entrepreneurs and customer focused digital banking which can help to grow its overall performance in the long run.

For the real estate sector, we remain optimistic that demand will increase with improvement of the economy. Thanlyin Estate Development, one of our associate companies experienced increase in sales during the year. In March 2018, the Group has launched the sales of Peninsula Residence Yangon, a part of Yoma Central Development, and has attracted strong interests, which we believe it will contribute long term returns to our shareholders.

Pun Hlaing Siloam Hospital continues to expand its network, which will support the development of specialist centers through referrals and also establish the ‘Hub and Spoke’ service delivery model. The Hospital has been working on Myanmar’s first EMR-ERP system with a fully automated paperless global best practice technology platform that is set up to achieve HIMSS (USA) level 6 accreditation (Global Gold Standard for Healthcare Delivery Systems) within the next 3 years. We expect this initiative to not only provide significantly better service experience and medical outcome for the patient community, but to also be an efficient and cost effective resourcing model for our shareholders.

Aiming to set a new benchmark for bus shelters in Yangon, the Company has entered new business venture (‘FMIDecaux’) with JCDecaux Asia (S) Pte Ltd, the number one outdoor advertising company worldwide, with the shareholding of 40%. FMIDecaux won an exclusive 20-year contract with Yangon City Development Committee (‘YCDC’) for design, fabrication, installation, maintenance and operation of street furniture items and advertisements. We believe this venture will provide reasonable return to the Group in the long term.

Our portfolio investments in Tourism, which will potentially become our fourth pillar, has progressed well. Memories Group is the first Myanmar tourism-centric company listed on Singapore Stock Exchange on 5 January 2018 acting as the tourism arm of FMI group in Myanmar with the share interest of 11.9%. It has newly acquired Burma Boating and Kayar Resort (renamed as Keinnara Loikaw Hotel) to expand its existing successful business portfolios – Balloon Over Bagan and Balloons over Inle, and been developing new exciting hotels, resorts and lodges such as Awei Metta hotel in Yangon Region, Awei Pila hotel in Mergui Archipelago, Taninthari Region, Keinnara Hpa-an hotel in Karen State and Suggati Mawlamyaing hotel in Mon State. With our tourism investments progressing well and Myanmar quickly becoming a premier tourist destination, we are in the right direction to capitalize on this industry growth.

With the growth of Myanmar economy, we will continue to pursue joint ventures with qualified international and local partners should the right opportunity presents itself.

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park
Rain Tree Drive, Hlaing Tharyar Ts.
Yangon, Myanmar
Tel: (01) 3687766
www.fmi.com.mm